
# လူမှုကွန်ယက်ပေါ်မှာ ရေးသားမှုများနှင့် အွန်လိုင်း ပြောဆိုဆက်သွယ်မှုများကြောင့် ဖမ်းဆီးအရေးယူခံရမှု အခြေအနေ

Data for Myanmar

**အစီရင်ခံစာ အမှတ်စဉ် (၄) | ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ**

ယခုအစီရင်ခံစာမှာ ၂၀၂၂ ခုနှစ်၊ ဖေဖော်ရီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ အချက်အလက်တွေပါဝင်ပြီး ပြည်တွင်းပြည်ပကမှုဝါဒချမှတ်သူတွေအတွက် အထောက်အကူပြုဖို့ ရည်ရွယ်ပါတယ်။

## အရေးကြီး အချက်များ




- စစ်အာဏာသိမ်း သုံးနှစ်ကျော်ကာလ အတွင်း လူမှုကွန်ယက်ပေါ်မှာ စစ်ကောင်စီကို ဆန့်ကျင်ဝေဖန်ပြီး လူထုလှုပ်ရှားမှုတွေနဲ့ တော်လှန်ရေး အဖွဲ့အစည်းတွေကို ထောက်ခံအားပေးတဲ့ ရေးသားမှုတွေ၊ ပြောဆိုဆက်သွယ်မှုတွေကြောင့် ဖမ်းဆီးခံရသူ ၁၆၉၁ ဦး ရှိခဲ့ပါတယ်။

- ၂၀၂၂ နဲ့ ၂၀၂၃ ခုနှစ်အတွင်း ဖမ်းဆီးခံရသူ ဦးရေ သိသိသာသာများခဲ့ပြီး ၂၀၂၄ ခုနှစ်ထဲမှာ ဖမ်းဆီးမှုတွေ လျော့ကျလာပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လ အတွင်း မြို့နယ် ၂၄ မြို့နယ်က အွန်လိုင်း အသုံးပြုသူ ၃၃ ဦး ဖမ်းဆီးခံခဲ့ရပါတယ်။

- ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကနေ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လကုန်အထိ မြို့နယ်ပေါင်း ၂၂၀ မှာ ဖမ်းဆီးအရေးယူမှုတွေ ရှိခဲ့ပြီး အဲဒီအထဲမှာ ပဲခူးမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ပြည်မြို့နယ်နဲ့ မဟာအောင်မြေမြို့နယ် တွေကတော့ အဖမ်းအဆီးများတဲ့ မြို့နယ်တွေ ဖြစ်ပါတယ်။

- ဖမ်းဆီးခံရသူအများစုက Facebook ပေါ်မှာရေးသားမျှဝေမှုတွေကြောင့် ဖမ်းဆီးခံရတာဖြစ်ပြီး အခြား အွန်လိုင်း ပလက်ဖောင်းတွေ ဖြစ်တဲ့ TikTok, Telegram, Viber တွေပေါ်မှာ ရေးသားမျှဝေတာတွေကြောင့် အဖမ်းခံရတာတွေလည်း ရှိပါတယ်။

## အဓိက ကိန်းဂဏန်းများ

| ၁၆၉၁ | ၂၀၂ | ၈၀၆ | ၃၆% |
|---|---|---|---|
| စုစုပေါင်း ဖမ်းဆီးခံရသူ ဦးရေ | ၂၀၂၄ ခုနှစ်အတွင်း ဖမ်းဆီးခံရသူ ဦးရေ | ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း အတွင်းမှ ဖမ်းဆီးခံရသူဦးရေ | ဖမ်းဆီးခံရသည့် အမျိုးသမီး ရာခိုင်နှုန်း |

## အချက်အလက် အနှစ်ချုပ်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လကုန်အထိ **Data for Myanmar** က ကောက်ယူစုစည်းထားတဲ့ အချက်အလက်တွေအရ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကနေ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လကုန်အထိ လူမှုကွန်ယက်ပေါ်မှာ စစ်ကောင်စီကို ဆန့်ကျင်ဝေဖန်ပြီး လူထုလှုပ်ရှားမှုတွေနဲ့ တော်လှန်ရေး အဖွဲ့အစည်းတွေကို ထောက်ခံ အားပေးတဲ့ ရေးသားမှုတွေ၊ ပြောဆိုဆက်သွယ်မှုတွေကြောင့် အွန်လိုင်းအသုံးပြုသူ ၁၆၉၁ ဦး ဖမ်းဆီးခံခဲ့ရပါတယ်။ ပျမ်းမျှအားဖြင့် အွန်လိုင်းအသုံးပြုသူ ၅၄ ဦးခန့် လစဉ် ဖမ်းဆီးခံနေရတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လထဲမှာတော့ မြို့နယ်ပေါင်း ၂၄ မြို့နယ်မှာ ဖမ်းဆီးခံရသူ ၃၃ ဦးရှိခဲ့ပါတယ်။

၂၀၂၂ ခုနှစ်ထဲမှာ ဖမ်းဆီးခံရသူ ၈၇၄ ဦး၊ ၂၀၂၃ ခုနှစ်ထဲမှာ ၆၁၅ ဦးနဲ့ ၂၀၂၄ (ဇူလိုင်လကုန်အထိ) ဖမ်းဆီးခံရသူ ၂၀၂ ဦး ရှိခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်နဲ့ ယှဉ်ရင် ၂၀၂၃ နဲ့ ၂၀၂၄ ခုနှစ်တွေမှာ လအလိုက် ဖမ်းဆီးခံရသူဦးရေ တဖြေးဖြေး လျော့ကျလာတာ တွေ့ရပါတယ်။ ဖမ်းဆီးခံရသူတွေထဲက အများစုဟာ ရန်ကုန်တိုင်းနဲ့ မန္တလေးတိုင်းက အွန်လိုင်းအသုံးပြုသူတွေဖြစ်ပြီး စုစုပေါင်း ၈၀၆ ဦးရှိပါတယ်။ ဖမ်းဆီးခံရသူတွေထဲက အများစုက **Facebook** ပေါ်မှာ ပြောဆိုရေးသားမှုတွေကြောင့် ဖြစ်ပါတယ်။

## နောက်ခံအကြောင်းအရင်း

စစ်အာဏာသိမ်းကာလနောက်ပိုင်း လူထုလှုပ်ရှားတွေအတွက် အရေးပါတဲ့ လူမှုကွန်ယက်နဲ့ အွန်လိုင်းပလက်ဖောင်းတွေကို ထိန်းချုပ်ဖို့ စစ်ကောင်စီက အမျိုးမျိုး ကြိုးပမ်းခဲ့ပါတယ်။ အဲဒီအထဲမှာ အင်တာနက်ဖြတ်တောက်တာ၊ အင်တာနက် ဝဘ်ဆိုဒ်စာမျက်နှာတွေကို ပိတ်ပင်တာအပြင် **Facebook** လို လူသုံးများတဲ့ လူမှုကွန်ယက်ပလက်ဖောင်းတွေကို အသုံးမပြုနိုင်အောင် ပိတ်ပင်တာတွေလည်း ပါဝင်ပါတယ်။

၂၀၂၂ ဇန်နဝါရီလ ၂၅ ရက်နေ့မှာ လူမှုကွန်ယက်ကနေ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများပြုလုပ်ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နဲ့ ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နဲ့ တည်ဆဲဥပဒေတွေနဲ့ အရေးယူခံရမယ်လို့ စစ်ကောင်စီဘက်က သတင်း ထုတ်ပြန်ခဲ့ပါတယ်။ **PDF Game** တွေကို မဆော့ဖို့နဲ့ အမုန်းစကားတွေ မပြောကြဖို့ စစ်ကောင်စီက သတင်းစာတွေကနေ ဖော်ပြပါတယ်။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကစပြီး ဖမ်းဆီးအရေးယူတာတွေ စတင်လုပ်ဆောင်ခဲ့ပါတယ်။


အဓိကအားဖြင့် အွန်လိုင်းပေါ်က ရေးသားပြောဆိုမှုတွေကို စစ်ကောင်စီဘက်ကနေ စောင့်ကြည့်ပြီး အရေးယူတာတွေရှိသလို မြေပြင်က လုံခြုံရေး စစ်ဆေးရေးဂိတ်တွေမှာ ဖုန်းတွေကို စစ်ဆေးပြီး ဖမ်းဆီးအရေးယူတာတွေလည်း ရှိပါတယ်။ စစ်ကောင်စီ ထောက်ခံတဲ့ တယ်လီဂရမ်ချန်နယ်တွေကလည်း အွန်လိုင်းပေါ်က ပြောဆိုရေးသားမှုတွေကို စောင့်ကြည့်ပြီး ဖမ်းဆီးအရေးယူနိုင်အောင် ကိုယ်ရေးအချက်အလက်တွေ စုဆောင်းပေးပို့တာတွေ၊ ဖိအားပေးတိုက်တွန်းတာတွေ လုပ်ဆောင်ပါတယ်။

အစောပိုင်းမှာ **Facebook** လို လူသုံးများတဲ့ လူမှုကွန်ယက်မီဒီယာတွေပေါ်မှာ ပြောဆိုရေးသားမှုတွေကိုသာ အဓိကထား အရေးယူခဲ့ပြီး ၂၀၂၃ နဲ့ ၂၀၂၄ ခုနှစ်ထဲမှာတော့ **TikTok** ပေါ်က အကြောင်းအရာတွေကိုပါ စောင့်ကြည့်အရေးယူတာတွေ ပိုလုပ်လာပါတယ်။ ဖမ်းဆီးအရေးယူခံရသူတွေထဲမှာ နာမည်ကြီး အနုပညာရှင်တွေ၊ သရုပ်ဆောင်တွေနဲ့ သတင်းသမားတွေလည်း ပါဝင်ခဲ့ပါတယ်။ အဲဒီ ဖမ်းဆီးအရေးယူမှုတွေကို နေ့စဉ်သတင်းစာတွေနဲ့ စစ်ကောင်စီကို ထောက်ခံတဲ့ သတင်းမီဒီယာတွေကနေ နေ့စဉ်နီးပါး ဖော်ပြပါတယ်။

## လေ့လာဆန်းစစ်ချက်

ဖမ်းဆီးအရေးယူမှုတွေကို လေ့လာကြည့်ရင် ၂၀၂၂ ခုနှစ်မှာ ဖမ်းဆီးခံရသူ ၈၇၄ ဦး၊ ၂၀၂၃ ခုနှစ်မှာ ၆၁၅ ဦးနဲ့ ၂၀၂၄ (ဇူလိုင်လကုန်အထိ) ဖမ်းဆီးခံရသူ ၂၀၂ ဦး ရှိခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်နဲ့ ယှဉ်ရင် ၂၀၂၃ နဲ့ ၂၀၂၄ ခုနှစ်တွေမှာ လအလိုက် ဖမ်းဆီးခံရသူဦးရေ တဖြေးဖြေး လျော့ကျလာတာ တွေ့ရပါတယ်။ ၂၀၂၂ ခုနှစ် မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ် လတွေမှာ ဖမ်းဆီးမှု အမြင့်ဆုံးကာလဖြစ်ခဲ့ပြီး လေးလအတွင်း ၅၂၄ ဦး ဖမ်းဆီးခဲ့ပါတယ်။ ၂၀၂၂ ဖေဖော်ဝါရီလကနေ ၂၀၂၄ ဇူလိုင်အထိကြည့်မယ် ဆိုရင် လစဉ် ပျမ်းမျှ ၅၆ ဦး ဖမ်းဆီးအရေးယူခံနေရတာပါ။

**လူမှုကွန်ယက်ပေါ်မှာ ရေးသားမှုတွေနဲ့ အွန်လိုင်း ပြောဆိုဆက်သွယ်မှုတွေကြောင့် လအလိုက် ဖမ်းဆီးခံရသူဦးရေ**





Source: Data for Myanmar (D4M) • Created with Datawrapper

ပြီးခဲ့တဲ့ နှစ်နှစ်ကျော်ကာလအတွင်း အခြား ပြည်နယ်နဲ့တိုင်းတွေနဲ့ ယှဉ်ရင် ကချင်၊ ကယား(ကရင်နီ)၊ ချင်းပြည်၊ ရခိုင်ပြည်နဲ့ ရှမ်း(အရှေ့)တွေမှာ ဖမ်းဆီးခံရသူ သိသိသာသာ နည်းပြီး အဖမ်းခံရသူ အယောက် ၄၀ အောက်သာရှိပါတယ်။ ရှမ်း(မြောက်)၊ ရှမ်း (တောင်)၊ စစ်ကိုင်း၊ တနင်္သာရီ၊ နေပြည်တော်၊ ပဲခူး(အနောက်)၊ မွန်နဲ့ ဧရာဝတီတို့မှာ အဖမ်းခံရသူ ဦးရေက ၄၀ နဲ့ ၁၀၀ အကြား ရှိပါတယ်။ အဖမ်းခံရသူ ဦးရေ ၁၀၀ အထက်ရှိတဲ့ တိုင်းတွေကတော့ ရန်ကုန်၊ မန္တလေး၊ ပဲခူး(အရှေ့) နဲ့ မကွေးတိုင်းတွေပဲ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းမှာ ဖမ်းဆီးခံရသူ ၄၂၈ ဦး ရှိလို့ အများဆုံးဖြစ်ပါတယ်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကနေ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လကုန်အထိ လူမှုကွန်ယက်ပေါ်မှာ စစ်ကောင်စီကို ဆန့်ကျင်ဝေဖန်ပြီး လူထုလှုပ်ရှားမှုတွေနဲ့ တော်လှန်ရေး အဖွဲ့အစည်းတွေကို ထောက်ခံ အားပေးတဲ့ ရေးသားမှုတွေနဲ့ ပြောဆိုဆက်သွယ်မှုတွေကြောင့် ဖမ်းဆီးအရေးယူမှုတွေရှိခဲ့တဲ့ မြို့နယ်ပေါင်း ၂၂၀ ရှိပါတယ်။ မြို့နယ်အလိုက် ကြည့်မယ်ဆိုရင် ပဲခူးမြို့နယ်မှာ ၅၅ ဦး၊ ချမ်းမြသာစည်မြို့နယ်မှာ ၅၁ ဦး၊ မြောက်ဥက္ကလာပမြို့နယ်မှာ ၄၅ ဦးနဲ့ ပြည်မြို့နယ်မှာ ၄၀ ဦး ရှိလို့ အဖမ်းအဆီးများတဲ့ မြို့နယ်တွေ ဖြစ်ပါတယ်။ ဖမ်းဆီးခံရသူ ၂၀ နဲ့ ၄၀ ကြားရှိတဲ့ မြို့နယ်တွေကတော့ မဟာအောင်မြေ၊ တောင်ကြီး၊ ပြင်ဦးလွင်၊ မကွေး၊ သဃ်ာန်းကျွန်း၊ ပြည်ကြီးတံခွန်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ပခုက္ကူ၊ ချမ်းအေးသာဇံ၊ ရွှေပြည်သာ၊ ပုသိမ်ကြီး၊ ညောင်ဦး၊ မြိတ်နဲ့ မြင်းခြံ မြို့နယ်တွေဖြစ်ပါတယ်။

**လူမှုကွန်ယက်ပေါ်မှာရေးသားမှုတွေနဲ့ အွန်လိုင်း ပြောဆိုဆက်သွယ်မှုတွေကြောင့် မြို့နယ်အလိုက် ဖမ်းဆီးခံရသူဦးရေ**




Source: Data for Myanmar (D4M) • Created with Datawrapper

၂၀၂၄ ခုနှစ်အတွင်း ကချင်၊ ကရင်နီ၊ ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်းနဲ့ တနင်္သာရီမှာ ဖမ်းဆီးခံရသူ စုစုပေါင်း ၁၁ ဦးသာရှိခဲ့ပြီး မတ်လနောက်ပိုင်း ရှမ်း(မြောက်) ကလွဲလို့ ရှေ့က ဖော်ပြခဲ့တဲ့ ပြည်နယ်နဲ့ တိုင်းတွေမှာ ဖမ်းဆီးမှုတွေ မရှိခဲ့ပါဘူး။ နေပြည်တော်၊ စစ်ကိုင်း၊ ဧရာဝတီနဲ့ မကွေးတိုင်းတွေမှာ ဖမ်းဆီးမှုတွေ ပုံမှန်အတိုင်းရှိနေဆဲဖြစ်ပြီး မွန်နဲ့ ပဲခူးမှာ လျော့သွားပါတယ်။ ရန်ကုန်နဲ့ မန္တလေးမှာတော့ ဖမ်းဆီးမှုတွေ များနေဆဲဖြစ်ပါတယ်။

**ကျား/မအလိုက်** ဖမ်းဆီးခံရမှုကို ကြည့်ရင် အမျိုးသမီး ၆၁၃ ဦးနဲ့ အမျိုးသား ၁၀၇၈ ဦး ဖမ်းဆီးခံရပါတယ်။ ဖမ်းဆီးခံရသူ အများစုက Facebook လူမှုကွန်ယက်ပေါ်မှာ ရေးသားမျှဝေမှုတွေကြောင့် ဖမ်းဆီးခံရတာဖြစ်ပြီး အခြား အွန်လိုင်း ပလက်ဖောင်းတွေ ဖြစ်တဲ့ TikTok, Telegram, Viber တွေပေါ်မှာ ရေးသားမျှဝေတာတွေကြောင့် အဖမ်းခံရတာတွေလည်း ရှိပါတယ်။

## အကြံပြုချက်များ

- သက်ဆိုင်ရာ အဖွဲ့အစည်းများအနေနဲ့ လူတစ်ဦးချင်းရဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို အကာအကွယ်ပေးသင့်ပါတယ်။
- အွန်လိုင်းအသုံးပြုသူတွေအနေနဲ့ လူမျိုးရေး၊ ဘာသာရေးဆိုင်ရာ အမုန်းစကားများနဲ့ အရပ်သားပြည်သူတွေ ထိခိုက်သေဆုံးနိုင်တဲ့ ရေးသားမျှဝေမှုတွေ မပြုလုပ်မိအောင် စောင့်ထိန်းသင့်ပါတယ်။
- အွန်လိုင်းအသုံးပြုသူတွေအနေနဲ့ အွန်လိုင်းပေါ်မှာ ကိုယ့်ရဲ့ ပုဂ္ဂိုလ်ရေးအချက်အလက်တွေ ဘေးကင်းလုံခြုံမှုရှိအောင် သတိထားသုံးစွဲသင့်ပါတယ်။
- အွန်လိုင်းအသုံးပြုသူတွေအနေနဲ့ ခရီးသွားမသွားမီ မိမိရဲ့ အချက်အလက်လုံခြုံရေးနဲ့ ဘေးကင်းလုံခြုံရေး အစီအမံတွေ သေချာပြင်ဆင်သင့်ပါတယ်။

## အချက်အလက်ကောက်ယူတဲ့ နည်းစနစ်နဲ့ ကန့်သတ်ချက်များ

စစ်ကောင်စီ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဝဘ်ဆိုဒ်စာမျက်နှာ[1] နဲ့ သတင်းစာတွေ[2] ကနေ ဖော်ပြတဲ့ အချက်အလက်တွေကို ပြန်လည်စိစစ်ပြီး အချက်အလက်ရေးသွင်းထားခြင်းဖြစ်ပါတယ်။ နာမည်တူ၊ နေရပ်တူ၊ နေ့ရက်တူပြီး နှစ်ကြိမ်ထပ်နေတဲ့သူတွေကို တစ်ကြိမ်သာရေတွက် ထားပါတယ်။ လူနာမည်မပါတဲ့ ပိုင်ရှင်(စိစစ်ဆဲ)ဖမ်းဆီးခံရသူတွေကို ချန်လှပ်ထားပါတယ်။

ဖမ်းဆီးခံရသူတွေနဲ့ ပတ်သက်လို့ စစ်ကောင်စီက သူတို့ကို ဘယ်လို ဆက်လက် အရေးယူတယ်၊ ပြန်လည်လွတ်မြောက်လာခြင်း ရှိမရှိနဲ့ သူတို့ရဲ့ နောက်ဆုံးအခြေအနေ စတဲ့ တစ်ဦးချင်း အသေးစိတ်အချက်အလက်တွေကိုတော့ Data for Myanmar အနေနဲ့ မသိရှိပါဘူး။

## အဖွဲ့အကြောင်း

Data for Myanmar (D4M) က လွတ်လပ်တဲ့ သုတေသနအဖွဲ့တစ်ခုဖြစ်ပြီး အများပြည်သူတွေအတွက် အကျိုးရှိပြီး သိသင့်တဲ့ အချက်အလက်တွေကို ရင်းမြစ်မျိုးစုံကနေ စုစည်းပြီး လေ့လာဆန်းစစ် တင်ပြနေပါတယ်။

**ဆက်သွယ်ရန်**

**Email:** data4myanmar@gmail.com

**Facebook Page:** https://www.facebook.com/data4myanmar

[1] https://www.moi.gov.mm
[2] https://www.mdn.gov.mm/newspaper/public/